မြန်မာနိုင်ငံ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် နိုင်ငံအတွင်းဆောင်ရွက်ရန်ရှိသည့် ဖွံ့ဖြိုးရေး၊ စီးပွားရေး စီမံကိန်းအဆိုပြုလွှာများအားလုံးတွင် စီမံကိန်းလုပ်ငန်းခွင့်ပြုချက်မရယူမီ ၎င်းလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်ရေးရာထိခိုက်မှုများအား အကဲဖြတ်ဆန်းစစ်လေ့လာကြစေရန် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ထုံးလုပ်နည်း (EIA Procedure) ကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၉)ရက်နေ့တွင် ပြဌာန်းခဲ့ပါသည်။ အဆိုပါ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ထုံးလုပ်နည်းတွင် လူထုပူးပေါင်းပါဝင်ရေးသည် အဓိကအခန်းကဏ္ဍတစ်ခုအဖြစ် ပါဝင်ပါသည်။

သို့ဖြစ်ပါ၍ ဝန်ကြီးဌာနလက်အောက်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသည် အစိုးရဌာန၊ ပုဂ္ဂလိကနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်း စသည့် သက်ဆိုင်ရာကဏ္ဍအသီးသီးမှ ကိုယ်စားလှယ်များ ပါဝင်သည့် လုပ်ငန်းဦးဆောင်အဖွဲ့-ဖွဲ့စည်း၍ "ပတ်ဝန်းကျင်ရေးရာထိခိုက်မှုဆန်းစစ်ခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်တွင် ပြည်သူလူထုပူးပေါင်းပါဝင်ရေးဆိုင်ရာ လမ်းညွှန်ချက်မူကြမ်း" ကို ရေးဆွဲလျှက်ရှိပါသည်။ ဤလမ်းညွှန်ချက်မူကြမ်းသည် မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ထုံးလုပ်နည်း (EIA Procedure)ပါ လူထုပူးပေါင်းပါဝင်ရေးဆိုင်ရာ ပြဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဦးတည်ပါသည်။ လုပ်ငန်းဦးဆောင်အဖွဲ့၏ လမ်းညွှန်ချက်မူကြမ်း ရေဆွဲခြင်းတစ်လျှောက်တွင် USAID-ရန်ပုံငွေပံ့ပိုးသော ပတ်ဝန်းကျင်ရေးရာ-မဲခေါင်မဟာမိတ်စီမံကိန်း၏ အထောက်အပံ့ဖြင့် Vermont Law School မှ နည်းပညာဆိုင်ရာ ကူညီပေးပါသည်။

ယခုအခါ ရေးသားပြုစုဆဲ "ပတ်ဝန်းကျင်ရေးရာထိခိုက်မှုဆန်းစစ်ခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်တွင် ပြည်သူလူထုပူးပေါင်းပါဝင်ရေးဆိုင်ရာ လမ်းညွှန်ချက်မူကြမ်း" အပေါ် အကြံပြုသုံးသပ်ချက်များ ပေးပို့နိုင်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။ လူကြီးမင်းတို့၏ အကြံဉာဏ်သွင်းအားစုများသည် တန်ဖိုးရှိသည့် အားလျော်စွာ မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ငန်းစဉ်တွင် တစ်ပိုင်းတစ်ကဏ္ဍ အားဖြည့်ပေးရာရောက်ပါလိမ့်မည်။ လူကြီးမင်းတို့၏ ဝေဖန်အကြံပြုချက်များကို ခြုံငုံပေါင်းစည်း၊ စီစစ်သုံးသပ်ပြီးမှသာ ဤလမ်းညွှန်ချက်မူကြမ်းအား နောက်ဆုံးအဆင့်မူကြမ်းအဖြစ် မွမ်းမံပြုစု၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှတဆင့် ဝန်ကြီးဌာနသို့ တင်ပြအပ်နှင်းသွားမည်ဖြစ်ပါသည်။

အကြံပြုသုံးသပ်နိုင်ရန် ဤလမ်းညွှန်ချက်မူကြမ်းအား အောက်ပါဝက်ဘ်ဆိုဒ်တွင်ရယူနိုင်ပါသည်။

http://www.vermontlaw.edu/academics/centers-and-programs/us-asia/myanmar-eia-public-participation-guidelines

လူကြီးမင်းတို့၏ ဝေဖန်အကြံပြုချက်များကို ၂၀၁၇ ခုနှစ်၊ မေလ (၅) ရက်နေ့ နောက်ဆုံးထား၍ အောက်ပါ(အီးမေးလ်)လိပ်စာအတိုင်း ရေးသားပေးပို့ကြပါရန် လေးစားစွာပန်ကြားအပ်ပါသည်။

myanmareiappguidelines@gmail.com